အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၄၆

၁၈ နိုဝင်ဘာ ၂၀၂၃

## အမျိုးသမီးနှင့် ရိုဟင်ဂျာအရေးအတွက် ကနေဒါအမတ်အဖွဲ့နှင့် တွေ့ဆုံ

နိုဝင်ဘာ ၂




အကြမ်းဖက်စစ်အုပ်စု၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ရိုဟင်ဂျာအရေးအတွက် ကနေဒါနိုင်ငံ ဆီးနိတ်အဖွဲ့နှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG ကိုယ်စားလှယ်အဖွဲ့တို့ နိုဝင်ဘာ ၂ ရက်က တွေ့ဆုံခဲ့သည်။

NUG ဘက်မှ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း၊ ဒုဝန်ကြီး ဦးအောင်ကျော်မိုး၊ သမ္မတရုံး အကြံပေးနှင့် ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇောတို့ ပါဝင်ကာ ကနေဒါဘက်မှ ဆီးနိတ်အမတ်များဖြစ်သည့် Marilou McPhedran ၊ Kim Pate တို့နှင့် ဆီးနိနတ်လွှတ်တော်၌ တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

တွေ့ဆုံမှုအတွင်း မြန်မာ့ဒီမိုကရေစီရေးအတွက် ဆက်လက်ကူညီနိုင်ရေးအပါအဝင် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်နေသည့် အမျိုးသမီးများနှင့် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှု၊ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေးကိစ္စရပ်များအား အဓိကထား ဆွေးနွေးခဲ့သည်။




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း
## လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




**"သင့်အနားမှာ ရှိနေတဲ့မတရားမှုများရပ်တန့်စေဖို့ ပါဝင်ဆောင်ရွက်ရန် သင်အနေနဲ့ တက်ကြွလှုပ်ရှားသူတစ်ယောက်ဖြစ်စရာမလိုပါဘူး။ သင့်အနေနဲ့ လူသားဆန်တဲ့လူတစ်ယောက်သာ ဖြစ်ရန်လိုအပ်ပါသည်"**

ဦးအောင်ကျော်မိုး

ပြည်ထောင်စု ဒုတိယဝန်ကြီး၊
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊



# ကနေဒါရောက် မြန်မာမိသားစုများအား တွေ့ဆုံ

**နိုဝင်ဘာ ၆**




ကနေဒါနိုင်ငံ၊ ဗန်ကူးဗားမြို့ရောက် မြန်မာမိသားစုဝင်များအား အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက နိုဝင်ဘာ ၅ ရက်တွင် တွေ့ဆုံကာ အစိုးရနှင့် ဝန်ကြီးဌာန လုပ်ဆောင်မှုများအား အစီရင်ခံ တင်ပြခဲ့သည်။

တွေ့ဆုံမှုအတွင်းနွေဦးတော်လှန်ရေးတာဝန်များအား ရောက်ရာနေရာမှ ပါဝင်ထမ်းဆောင်ပေးကြသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ အပြောင်းအလဲများအား ဝန်ကြီးက လူထုထံ အစီရင်ခံခဲ့ကာ သိလိုသည်များကိုလည်း ပြန်လည်ဖြေကြား ပေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ Canadian British Columbia မှ သစ်တောဆိုင်ရာဝန်ကြီး Bruce Ralston တက်ရောက်ခဲ့ကာ ကနေဒါအစိုးရ အနေဖြင့်သာမက မိမိအနေဖြင့်ပါ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှုများအား ဆက်လက်အားပေး ထောက်ခံပေးသွားမည် ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့ကာ ကနေဒါအစိုးရဘက်မှ လုပ်ဆောင်နေမှုများအားနှင့် ပတ်သက်၍ တက်ရောက်သူများ မေးမြန်းမှုအား ပြန်လည်ဖြေရှင်း ပြောကြားသွားသည်။

လူ့အခွင့်အရေးပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၂ ရက်ကလည်း ကနေဒါနိုင်ငံ၊ အက်ဒ်မွန်တန်မြို့ရှိ မြန်မာပြည်ဖွားတိုင်းရင်းသားများနှင့်အား တွေ့ဆုံခဲ့ကာ NUG သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇောလည်း တက်ရောက် ခဲ့သည်။

# The Way ရုပ်ရှင် ကနေဒါတွင် ပြသ

**နိုဝင်ဘာ ၄**

ကနေဒါနိုင်ငံ။ ဗန်ကူးပါးမြို့တွင် မြန်မာ့နွေဦးတော်လှန်ရေး ရန်ပုံငွေအတွက် ဒါရိုက်တာနှင့် အဆိုတော် လင်းလင်းရိုက်ကူးထားသည့် The Way ရုပ်ရှင်ဇာတ်ကားအား နိုဝင်ဘာ ၄ ရက်က ပြခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း ကိုယ်တိုင် တက်ရောက်အားပေးခဲ့သည်။




The Way ရုပ်ရှင်ကားအား မိုဘိုင်းဖုန်း နှစ်လုံးတည်းဖြင့် ရိုက်ကူးထားခြင်းဖြစ်ကာ နွေဦးတော်လှန်ရေး၌ ပါဝင်သည့် ပြည်သူ့အနုပညာရှင်များက ပါဝင်သရုပ်ဆောင်ထားကြပြီး ကမ္ဘာ့နိုင်ငံအနှံ့၌လည်း ပြသလျက် ရှိသည်။

# “ကနေဒါက တရားမျှတမှု ဖော်ဆောင်မှုအတွက် အဓိကအားပေးထောက်ခံနေတဲ့နိုင်ငံတစ်ခု ဖြစ်တယ်”

“ကနေဒါနိုင်ငံတော့ မြန်မာနိုင်ငံရဲ့ ပြည်သူတွေနဲ့ လက်တွဲပြီး တော့ နွေဦးတော်လှန်ရေးကို ထောက်ခံနေတဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ နောက်တခါ နိုင်ငံတစ်ခုအနေနဲ့ စီးပွားရေး ပိတ်ဆို့မှုတွေ၊ လက်နက်တင်ပို့ရောင်းချမှုတွေ၊ ဒါတွေကိုလည်း လွှတ်တော်၊ နောက်တခါ အစိုးရ၊ ဒါတွေက သူတို့လုပ်ဆောင် နေတာ ရှိပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြောပြတဲ့ အချက်ကပေါ့နော်၊ ဒီ့ထက်ပိုမိုပြီးတော့ ထိရောက်တဲ့အရေးယူမှု တွေ ရရှိဖို့အတွက်က ကနေဒါနိုင်ငံအနေနဲ့ သူ့ တစ်နိုင်ငံတည်း မကဘဲနဲ့ မြန်မာ့အရေးကို စိတ်ဝင်စားပြီးတော့ အမှန်တကယ် အားပေးကူညီချင်တဲ့နိုင်ငံတွေနဲ့ ပိုမိုပူးပေါင်း ဆောင်ရွက်ဖို့ ပေါ့နော်။ အခုပြောနေကြစကားဆို လှိုင်းတွေ တစ်လှိုင်းပြီး တစ်လှိုင်းလာတယ်ဆိုတဲ့ပုံစံ။ အဲဒီလှိုင်းတွေကလည်း တစ်လှိုင်း ပြီး တစ်လှိုင်းတည်း မဟုတ်ဘဲနဲ့ စုပြီး စုပေါင်းလှိုင်းတွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် အဲဒါကို အဓိကထားပြီး ကျွန်တော် ပြောကြားခဲ့ပါတယ်။ နောက်ထပ်တစ်ခုကတော့ အခုထက် ပိုမိုပြီးတော့ လူသားချင်းစာနာမှုအကူအညီတွေ ပေးတာတွေ၊ လူသားချင်းစာနာမှုအကူအညီပေးတဲ့နေရာမှာ NUG နဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေကနေ ဖြတ်ပြီးတော့ လိုအပ် နေတဲ့ဒေသတွေ ပေးဖို့အတွက် ဒါတွေကို ဘယ်လိုပေးနိုင်မလဲဆိုတဲ့နည်းလမ်းတွေ၊ ဒါကို ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ နောက်တစ်ခု၊ ကနေဒါနိုင်ငံက တရားမျှတမှု ဖော်ဆောင်မှုအတွက် အဓိကအားပေးထောက်ခံနေတဲ့ နိုင်ငံ တစ်ခု ဖြစ်တယ်။ သူ့နိုင်ငံရဲ့ ထောက်ပံ့မှုတွေမှာ ကြည့်မယ် ဆိုလို့ရှိရင်တော့ IIMM လို့ ခေါ်တဲ့ အဖွဲ့အစည်းကို အမေရိကား ပြီးရင် ဒုတိယထောက်ပံ့မှု ပေးတဲ့အရာမျိုး ဖြစ်ပါတယ်။ အဲဒီတော့ တစ်ဖက်မှာ ဒါမျိုးကူညီမှုတင်မကဘဲနဲ့ IIMM လို အချက်အလက်တွေ စုဆောင်းထားတဲ့ကိစ္စကို တရားရုံးတင် နိုင်ဖို့၊ အထူးသဖြင့် ကျွန်တော်တို့ အခုဆိုရင် ICC ကို တင်ဖို့ အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးကော၊ အထူးစုံစမ်းစစ်ဆေးရေးအရာရှိကော၊ ဒါနဲ့ ပတ်သက်ပြီးတော့ ICC ကို လွှဲပြောင်းဖို့ လုပ်ဆောင်နေတယ်။ NUG ကိုယ်တိုင်ကလည်း ICC မှာ တရားစွဲဆိုမှု လုပ်ဆောင်နိုင် ဖို့အတွက် ဖိတ်ကြားမှုတွေ လုပ်ဆောင်နေတယ်။ အဲဒီတော့ အခုလိုမျိုး ကျွန်တော်တို့ ထောက်ခံပါတယ်ဆိုတဲ့ကိစ္စတင် မကဘဲနဲ့ ကျွန်တော်တို့ကနေ ICC ကို လွှဲပြောင်းတဲ့ကိစ္စ၊ ICC ကို လာဖို့အတွက် ဖိတ်ကြားတဲ့ကိစ္စတွေမှာ ကနေဒါနိုင်ငံလို တရားမျှတမှုနဲ့ တရားဥပဒေဖော်ဆောင်မှုလုပ်တဲ့နိုင်ငံအနေနဲ့ ရဲရဲဝံ့ဝံ့ စတင်ပြီးတော့ ထောက်ခံတဲ့အကြောင်း၊ ဒါမျိုးကိစ္စ တွေ ဖြစ်လာဖို့အတွက် NUG ရဲ့ နိုင်ငံတကာနဲ့ ပူးပေါင်း ဆောင်ရွက်မှုကို အားပေးထောက်ခံတဲ့ ပုံစံမျိုးတွေ လုပ်ဆောင် ဖို့ ဖြစ်တဲ့အကြောင်း၊ လိုအပ်နေတဲ့အကြောင်း ဒါကို တင်ပြခဲ့ ပါတယ်”

- **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ)**

**(ကနေဒါအစိုးရနှင့် NUG ဆက်ဆံရေး | Human Rights Barometer - Episode 26 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။)**

# ကနေဒါ 26th Governor General of Canada နှင့် NUG တို့ တွေ့ဆုံ

**နိုဝင်ဘာ ၂**



နွေဦးတော်လှန်ရေးနှင့် မြန်မာ့အရေးအတွက် ကနေဒါနိုင်ငံ 26th Governor General of Canada နှင့် The Right Honorable Adrienne Clarkson ၊ PEN International နိုင်ငံတကာဥက္ကဋ္ဌ Jon Ralston Saul နှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG တာဝန်ရှိသူများအား နိုဝင်ဘာ ၂ ရက်က တွေ့ဆုံ ဆွေးနွေးခဲ့သည်။

NUG ဘက်မှ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဒုဝန်ကြီး ဦးအောင်ကျော်မိုး၊ သမ္မတရုံး အကြံပေးနှင့် ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇော်တို့ တက်ရောက်ခဲ့ကာ မြန်မာ့အရေးအား ဆက်လက်ပံ့ပိုးရေး၊ ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေးနှင့် တရားမျှတမှု ပြန်ရရေးလုပ်ငန်းစဉ်များ၊ အကြမ်းဖက်စစ်အုပ်စု၏ ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့သည်။

PEN International နိုင်ငံတကာဥက္ကဋ္ဌ Jon Ralston Saul မှာ နိုင်ငံသားအသစ်များ ပါဝင်မှုကို မြှင့်တင်ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ကနေဒါနိုင်ငံသာဖြစ်မှုဆိုင်ရာ အင်စတီကျူ၏ ပူးတွဲတည်ထောင်သူနှင့် ပူးတွဲဥက္ကဋ္ဌလည်း ဖြစ်သည်။

# ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်၌ NUG ၊ CRPH တို့ ပါဝင်

**နိုဝင်ဘာ ၁၃**



ဟိန္ဒူဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဒီပါဝလီပွဲတော်အား နိုဝင်ဘာ ၁၂ ရက်က အမေရိကန်နိုင်ငံ၌ ပြုလုပ်ကျင်းပခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG နှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ - CRPH အဖွဲ့ဝင်များလည်း ပါဝင်တက်ရောက် ပူးပေါင်းခဲ့ကြသည်။

ဟိန္ဒူဘာသာဝင်များ၏ ပွဲတော်သို့ NUGအစိုးရ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်မိုး (လူ့အခွင့်အရေး)၊ ဦးမိုးဇော်ဦး (နိုင်ငံခြားရေး)၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်း အပြင် CRPH ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်တို့ ပါဝင်တက်ခဲ့ကာ နွေဦးတော်လှန်ရေး၌ ဘာသာပေါင်းစုံနှင့် လူနည်းစုများ၏ ပါဝင်မှုအခန်းကဏ္ဍ အရေးကြီးမှုနှင့် ဆက်လက် ပူးပေါင်းပါဝင်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်၌ လူနည်းစုများ တန်းတူအခွင့်အရေးအတွက် NUG က လုပ်ဆောင်နေမှုများအား ဦးမိုးဇော်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

# “ပညာတတ် ရိုဟင်ဂျာလူငယ်တွေ ရှေ့ထွက် ဦးဆောင်ပါ”

“အကြမ်းဖက်စစ်တပ်က ရိုဟင်ဂျာတွေကိုသတ်ဖြတ်၊ ဖမ်းဆီး၊ ခြိမ်းခြောက်ပြီး အတင်းအဓမ္မဖိအားပေး မောင်းထုတ်ခဲ့လို့ မွေးရပ်ဇာတိမြေကို စွန့်ခွာထွက်ပြေးပြီး တဖက်နိုင်ငံမှာ ဒုက္ခသည်အဖြစ်နဲ့ နေထိုင်နေကြရတဲ့ ဒုက္ခသည်ရိုဟင်ဂျာတွေကို မူလနေထိုင်ရာ နေရာဒေသမှာ ပြန်လည်နေရာချထားပေးဖို့က လုပ်ကိုလုပ်ရမယ့် ကိစ္စပါ။

ဒါပေမယ့် အကြမ်းဖက်စစ်တပ်က တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ခိုလှုံနေတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေ နေရပ်ပြန်ရေးကိစ္စကို ခုတုံးလုပ်ပြီး နိုင်ငံရေးအရ အကျိုးအမြတ်ရှာနေတယ်ဆိုတာ အားလုံးလည်း သိနေမြင်နေပါတယ်။ အကြမ်းဖက်စစ်တပ်က ရိုဟင်ဂျာတွေအပေါ် သူကျူးလွန်ထားတဲ့ ရာဇဝတ်မှုတွေကို ဖြေလျော့သွားအောင် ပလပ်သွားအောင်လည်း နည်းမျိုးစုံနဲ့ လုပ်ဆောင်နေတယ်ဆိုတာလည်း အားလုံးသိမြင်နေတယ်။

ဒုက္ခသည်ရိုဟင်ဂျာတွေရှိတဲ့ ဘင်္ဂလာဒေ့ရှ်နိုင်ငံက ဒုက္ခသည်စခန်းတွေဆီ အကြမ်းဖက်စစ်ကောင်စီ ကိုယ်စားလှယ်အဖွဲ့ အနေနဲ့ လတ်တလော ခပ်စိပ်စိပ်လာနေတယ်။ မက်လုံးတချို့ ပေးပြီး စစ်ကောင်စီအစီအစဉ်နဲ့ နေရပ်ပြန်လာအောင် ဆွဲဆောင်နေတယ်။ အဲဒီလိုမျိုး စစ်တပ်ဘက်တော်သားတွေ လာပြီး တွေ့ဆုံစကားပြောတဲ့အခါ ရိုဟင်ဂျာတွေကြား စကားပြန်ထားပြီး မေးတာဖြေတာတွေ လုပ်ကြတာ တွေ့ရတယ်။

ဆိုတော့ ဒီလိုတွေ့ဆုံပွဲတွေမှာ ရိုဟင်ဂျာတွေအနေနဲ့ စစ်တပ်ကိုယ်စားလှယ်တွေကို ပြောဆိုတာတွေ ဗမာ/မြန်မာ စကားနဲ့ပဲ ပြောဖို့ တိုက်တွန်းချင်တယ်။ ကြားစကားပြန်ထားပြီး ပြောနေစရာမလိုဘူးလို့ မြင်တယ်။

ဘင်္ဂလားဒေ့ရှ်ရိုဟင်ဂျာဒုက္ခသည်စခန်းမှာ ဗမာ/မြန်မာ စကားတတ်ကျွမ်းသူတွေ သိန်းနဲ့ချီရှိနေတယ်။ ထောင်နဲ့သောင်းနဲ့ချီရှိနေတဲ့ ရိုဟင်ဂျာကျောင်းသား လူငယ်တွေရှိတယ်။ ကျောင်းဆရာ/ ဆရာမတွေရှိနေတယ်။ "ပညာတတ်ရိုဟင်ဂျာလူငယ်တွေ ရှေ့ထွက်ဦးဆောင်ပါ" မိခင်ဘာသာစကားပြောတာကောင်းပေမယ့် အကြမ်းဖက်စစ်တပ်နဲ့ ပြောဆိုမှုတွေကို မြန်မာပြည်တဝှမ်းက ပြည်သူတွေအနေနဲ့လည်း တိုက်ရိုက်နားလည်နိုင်ဖို့ရာ ဗမာ/မြန်မာစကားနဲ့ ပြောဆိုဖို့လိုတယ်။

ရှေ့ရှည်တည်တံ့ခိုင်မြဲမှုမရှိတဲ့ အကြမ်းဖက်စစ်တပ်ရဲ့ မက်လုံးတွေအကြောင်းကို ဒုက္ခသည်ရိုဟင်ဂျာ ပြည်သူတွေကို သိနားလည်အောင် ရှင်းပြပြောဆိုဖို့ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိတယ်။

ရိုဟင်ဂျာတွေအနေနဲ့ မိမိမွေးရပ်မြေ၊ မိမိနိုင်ငံ၊ မိမိဒေသကို မုချဧကန် ပြန်ကိုပြန်ရမယ်။ ကောင်းမွန်တဲ့ အခြေအနေနဲ့ မဖြစ်ခင် ကြားကာလမှာ နေရပ်ပြန်ပြီး အကြမ်းဖက်စစ်တပ်ရဲ့ အသုံးချခံ မဖြစ်ဖို့ အလွန်အင်မတန် အရေးကြီးပါတယ်။

ရိုဟင်ဂျာပညာတတ်လူငယ်တွေ ရှေ့ထွက်ပါ။

ရိုဟင်ဂျာပြည်သူလူထုကို ဦးဆောင်ကြပါ”

**- ဦးအောင်ကျော်မိုး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ - NUG**

# “အားတင်းထားပါ ဇာတိမြေ လွိုင်ကော်”

ကျနော်တို့မြေ ကျနော်တို့ရေ ကျနော်တို့ ပြည်နယ်သူ ပြည်နယ်သား အားလုံးပိုင်တဲ့ ဘိုးဘွားပိုင်မြေတွေကို ဖက်ဒရယ် ဒီမိုကရေစီတော်လှန်ရေးနဲ့အတူ အားလုံးပြန်လည် သိမ်းယူကြပါစို့…စစ်ရေးအရှိန်မြင့်လာသည်နှင့်အတူ စစ်မြေပြင်မှာ မလုံခြုံသော်ငြားလည်း မိဘပြည်သူများ အသက်ရှင်နေထိုင် အားတင်းထားခြင်းအားဖြင့် ဒီတော်လှန်ရေးအောင်ပွဲကို သပြေပန်းနှင့်အတူ ဆင်နွှဲကြပါစို့… ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အတူဆက်လက်တည်ဆောက်ဖို့ရန် မိဘပြည်သူများ ၊ တော်လှန်ရေးရဲဘော်ရဲဘက်များအားလုံး ဘေးကင်းကြပါစေ… အရေးတော်ပုံ အောင်ကိုအောင်ရမည်”

**- ခွန်းဗဟန်းထန်၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG**

# “တကယ်တော့ မသေသေးဘဲ မီးဖိုထဲ အတင်းထည့်လိုက်တာ”

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်အား အကြမ်းဖက်စစ်အုပ်စုက အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အထိ စစ်ကြောင်းနှစ်ကြောင်းဖြင့် ထိုးစစ်ဆင်မှုအတွင်း အပြစ်မဲ့အရပ်သားငါးဦး အား ရက်စက်စွာ နှိပ်စက်၊ သတ်ဖြတ်၊ မီးရှို့အလောင်းဖျောက်ခဲ့သည့်အပြင် ကျေးရွာသုံးရွာမှ ပြည်သူပိုင်နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာများမှာ မူးဒူး၊ လဲရှောင်နှင့် ပရဒတ်ကျေးရွာတို့ဖြစ်ကာ မူးဒူးတစ်ရွာတည်း၌ နေအိမ် ၁၉ လုံး ပျက်စီးဆုံးရှုံးခဲ့ကာ ရက်စက်စွာ သတ်ဖြတ်ခံရသူ ငါးဦးမှာ ပရဒတ်ကျေးရွာမှ လေးဦးနှင့် ရန်ကင်းကျေးရွာမှ တစ်ဦးတို့ဖြစ်သည်။ အဆိုပါ မီးရှို့၊ လူသတ်၊ အလောင်းဖျောက်သည့် စစ်ကြောင်းမှာ ၁၀၄ တပ်ရင်းမှ ဖြစ်ကာ ပျူစောထီး အပါအဝင် အင်အား ၁၀၀ ကျော်ဖြင့် စစ်ကြောင်းထိုး မီးရှို့၊ ဖျက်ဆီး၊ လူသတ်ခဲ့ခြင်း ဖြစ်သည်။

“စစ်ကြောင်းကတော့ ဝင်တာက စတုတ္ထအကြိမ်ပါ။ စစ်ကြောင်းက တစ်ကြောင်းတည်း မဟုတ်ဘူးရှင့်။ လောင်းလုံဘက်ကလည်း ဝင်တယ်၊ ဒီရေဖြူဘက်ကလည်း ဝင်တယ်ဆိုတော့။ အခုလာပြီးတော့ မီးရှို့လိုက်တဲ့ စစ်ကြောင်းကတော့ (၂၄) ရက်နေ့မှာ ဝင်လာတဲ့စစ်ကြောင်းပါ၊ ပျူတွေအများဆုံးပါလာတဲ့အဖွဲ့ရှင့်။ သူတို့သတ်သွားတာတော့ (၅)ယောက်ရှင့်။ (၂၀)ရက်နေ့မှာတော့ တစ်ယောက်၊ သူကတော့ ရိုးရိုးအရပ်သားပါ။ နောက်လေးယောက်ကတော့ (၂၅) ရက်နေ့မှာလေ။ လဲရှောင်ဘုရားနားမှာ အသတ်ခံရတာ။ ပရဒတ်ရွာသား (၄)ယောက်ပေါ့ရှင်။ ပထမဆုံး(၂၀)ရက်နေ့မှာ သေသွားတဲ့ တစ်ယောက်က ရန်ကင်းရွာကပါ။ သူတို့သတ်တဲ့အချိန်မှာ (၄)ယောက်ကတော့ မတူဘူး။ တစ်ယောက်ကတော့ ဖမ်းတယ်၊ ဖမ်းပြီးတော့ ရိုက်သတ်တာ သေလုနီးပါးအထိကို ရိုက်သတ်လိုက်တာ။ ရိုက်ပြီးတော့ သေပြီးထင်ပြီး ပစ်ထားတဲ့အချိန်မှာ ဒါကို ရွာသားတွေက ကယ်ပြီးတော့ ကားနဲ့ တင်ပြီး ဆေးကုဖို့သွားတဲ့ အချိန် ကားပေါ်မှာပဲ ဆုံးသွားတာ။ သုံးယောက်ကတော့ သူတို့ ပစ်သတ်တယ်။ (၂၀) အရွယ် ယောကျ်ားလေးတစ်ယောက် ကတော့ အသက်မသေသေးဘဲ မီးရှို့တဲ့ အထဲကို ပစ်သွင်း လိုက်တာရှင့်။ တကယ်တော့မသေသေးဘဲ အတင်းထည့်လိုက်တာ။ မီးလောင်ပြီးတော့ အော်သံတွေ အကုန်လုံးကြားကြတာပေါ့။ အရှင်လတ်လတ်ကြီးကို မီးရှို့သလို ဖြစ်သွားတာပေါ့။ အခုလူသတ်တဲ့စစ်ကြောင်းက တပ်ရင်း (၁၀၄) ဖြစ်တယ်၊ ပြီးတော့ ပျူတွေ အများကြီးပါတယ်” - **မနန်းအေး (ထောက်ပို့တာဝန်ခံ၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ ရေဖြူမြို့နယ်)**

**(တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်အတွင်းရှိ ကျေးရွာများအား အကြမ်းဖက်စစ်အုပ်စုနှင့် ၎င်းလက် အောက်ခံ ပျူစောထီးအဖွဲ့များက အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အထိ စစ်ကြောင်းထိုး ပစ်ခတ်၊ မီးရှို့၊ သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူငါးဦး သေဆုံးကာ နေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ရေဖြူမြို့၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ ထောက်ပို့တာဝန်ခံ မနန်းအေးအား ဆက်သွယ်မေးမြန်းထားခြင်း)**

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၁၈၅ (၅၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၁၈၅ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၅၀၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၅,၄၁၄

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၅,၄၁၄ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၆၈၇ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၈,၀၅၉ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၃ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူပေါင်း ၁၆၃ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် မျက်ကွယ်သေဒဏ် ချမှတ်ခံရသူများတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၁၉ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်းခံထားရဆဲဖြစ်သည်။

## # ဘာသာရေး - ၃၁ #

အကြမ်းဖက်စစ်အုပ်စုက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းချိန်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်အထိ အကြမ်းဖက်လူသတ်မှု ဖြစ်စဉ်များအတွင်း ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ် ၃၁ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများအနက် ၁၀ ဦးမှာ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ခြင်း ဖြစ်ကာ စစ်ကိုင်းတိုင်းမှာ သေဆုံးသူ ခြောက်ဦးဖြင့် အများဆုံး ဖြစ်သည်။

## ထီးချိုင့် - လေကြောင်း - သံဃာတော်

အကြမ်းဖက်စစ်အုပ်စု ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီခန့်က စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့အနီး ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားစဉ် လေကြောင်းပစ်ကူ ယူ၍ တိုက်ခိုက်မှု ဖြစ်စဉ်အတွင်း ထီးချိုင့်မြို့ရှိ နေအိမ်၊ ဘာသာရေးအဆောက်အဦများပါ ထိခိုက်ပျက်စီးခဲ့ပြီး မင်္ဂလာရန်ကင်းကျောင်းတိုက်မှ ဆရာတော် ဦးစန္ဒာသီရိမှာ ကျည်စ ထိမှန် ပျံလွန်တော်မူခဲ့သည်။

ကိုးကား - AAPP

